TURNING STONE

ENTERPRISES

သို့-  အဖွဲ့ဝင်အားလုံး

မှ-  Kawel LauBach

စီနီယာ ဒုဥက္ကဋ္ဌ၊ ဝန်ထမ်းနှင့် ယဉ်ကျေးမှု

ရက်စွဲ-  2023 ခုနှစ်၊ စက်တင်ဘာလ 11 ရက်

အကြောင်းပြန်စာ-  ကျွန်ုပ်တို့၏ ဌာနတွင်း အလုပ် ကြေညာချက်များ လုပ်ထုံးလုပ်နည်း ပြင်ဆင်ချက်

---

ကျွန်ုပ်တို့၏ အဖိုးတန် အဖွဲ့ဝင်များကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်မှုကို တိုးမြှင့်ရန် ကျွန်ုပ်တို့၏ မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဝန်ထမ်းနှင့် ယဉ်ကျေးမှု ဌာနသည် ဌာနတွင်း အလုပ် လျှောက်ထားသူများအတွက် သက်မွေးဝမ်းကျောင်းကို ပိုအလေးပေးပြီး လိုက်ဖက်ကာ အထောက်အကူပေးသည့် အတွေ့အကြုံတစ်ခု ပေးအပ်ခြင်းဖြင့် ကာလရှည် ရပ်တည်လာခဲ့သည့် ဌာနတွင်း အလုပ် ကြေညာခြင်း လုပ်ငန်းစဉ်ကို ပြင်ဆင်မွမ်းမံနေပါသည်။

လောလောဆယ်တွင် ရာထူးသစ်တစ်ခုသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေသည့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ ကြီးကြပ်ရေးမှူး၏ လက်မှတ် ရယူရန် လိုအပ်မည့် ဌာနတွင်းတောင်းဆိုချက်ဖောင်တစ်ခုကို ဖြည့်စွက်ပေးရမည်။ ကျွန်ုပ်တို့၏ လက်ရှိ လုပ်ငန်းစဉ်သည် အခြားဌာနတစ်ခုတွင် အလုပ်လုပ်ရန် ဆန္ဒရှိကြောင်း ကြီးကြပ်ရေးမှူးထံသို့ အကြောင်းကြားမည်ဆိုသည့် အတွေးဖြင့်ပင် ကြောက်ရွံ့နေနိုင်လောက်စေခြင်းဖြင့် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များအတွက် မလိုလားအပ်သော စိတ်ဖိစီးမှုကို ဖြစ်စေပါသည်။  လက်ရှိ လုပ်ငန်းစဉ်သည် ဤအခြေအနေများဖြင့် မိမိတို့၏ ကြီးကြပ်ရေးမှူးများထံသို့ ချဉ်းကပ်ရာတွင် မိမိတို့၏ စိုးရိမ်ပူပန်မှုကြောင့် အဖွဲ့ဝင်များအား ကျွန်ုပ်တို့၏ အဖွဲ့အစည်းအတွင်း သက်မွေးဝမ်းကျောင်း အခွင့်အလမ်းအသစ်များ ရယူခြင်းမှလည်း ဟန့်တားနိုင်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဖွဲ့အစည်းအတွင်း သက်မွေးဝမ်းကျောင်း တိုးတက်မှုကို အားပေးထောက်ပံ့ခြင်းဖြင့် အရည်အချင်းရှိသူများကို ဆက်လက်၍ထိန်းထားနိုင်ပါသည်။  သို့ဖြစ်ပါ၍ အဖွဲ့ဝင်များအနေဖြင့် ရာထူးသစ်တစ်ခုတွင် မိမိတို့၏ စိတ်ဝင်စားမှုကို မိမိတို့၏ ကြီးကြပ်ရေးမှူးများထံသို့ အကြောင်းကြားစရာမလိုဘဲ ဌာနတွင်း ပြောင်းရွှေ့ရန် စိတ်ဝင်စားမှုကို အရည်အချင်းရှိသူ ရှာဖွေစုဆောင်းရေး အဖွဲ့ထံသို့ တိုက်ရိုက် တင်ပြနိုင်သည့် လုပ်ငန်းစဉ်သစ်တစ်ခုကို ကျွန်ုပ်တို့ ဖော်ဆောင်ထားပါသည်။  အရည်အချင်းရှိသူ ရှာဖွေစုဆောင်းရေးနှင့် ခန့်အပ်သည့် ဌာန နှစ်ခုစလုံးက လုပ်ငန်းတွင် လျှောက်ထားသူသည် လျှောက်ထားသော ရာထူးနှင့် ကောင်းစွာ ကိုက်ညီသည်ဟု ကောက်ချက်ချလိုက်ပါက ကျွန်ုပ်တို့သည် လျှောက်ထားသူ၏ အလုပ်စွမ်းဆောင်ရည်၊ ယဉ်ကျေးမှုဆိုင်ရာ လိုက်နာမှုအပြင် အဖွဲ့ဝင်၏ ရာထူးသစ်တွင် စိတ်ဝင်စားမှုဆိုင်ရာ ဆင်ခြင်သုံးသပ်ချက်နှင့် ဆက်စပ်သည့် အခြား ကိစ္စရပ်များနှင့် ပတ်သက်ပြီး အကြံဉာဏ်တောင်းဆိုရန် အဖွဲ့ဝင်၏ လက်ရှိ ခေါင်းဆောင်မှုအဖွဲ့ထံသို့ ဆက်သွယ်ပါမည်။  လျှောက်ထားသည့် ရာထူးအတွက် ရုံးတွင်း သင့်တော်သူ၏ ကိုက်ညီမှုကို ဆုံးဖြတ်ပြီးနောက်တွင် အရည်အချင်းရှိသူ ရှာဖွေစုဆောင်းရေးသည် ခန့်အပ်သည့်ဌာနနှင့် အဖွဲ့ဝင်၏ လက်ရှိဌာန နှစ်ခုစလုံးနှင့် ပွင့်လင်းသော ဆက်ဆံပြောဆိုမှု အသေအချာ ပြုလုပ်သွားပါမည်။  သံသယမဖြစ်စေရန်အတွက် မည်သည့်အဖွဲ့ဝင်ကိုမျှ သူ သို့မဟုတ် သူမ၏ လက်ရှိ ခေါင်းဆောင်မှုအပိုင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ

ဌာနအသစ်တစ်ခုသို့ ခေါ်ယူခန့်အပ်သွားမည်မဟုတ်ပါ။  ထို့ပြင် လက်ရှိဌာနအနေဖြင့် ရာထူးကို ပြန်ဖြည့်ရန်နှင့် အဖွဲ့ဝင် ပြောင်းရွှေ့ပြီးနောက် ကြားကာလ လွှမ်းခြုံမှု ရှိထားနိုင်ရန် ချက်ချင်းလက်ငင်း လိုအပ်သည့်အဆင့်ဆင့်များ ပြုလုပ်နိုင်စေဖို့ရာ လက်ရှိဌာန၏ ခေါင်းဆောင်မှုအပိုင်းထံသို့ ဖြစ်လာတော့မည် ပြောင်းရွှေ့မှုအတွက် လုံလောက်သော ကြိုတင်သတိပေးချက် ပေးအပ်သွားပါမည်။

ဤပြင်ဆင်မွမ်းမံထားသည့် လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်သည် စွမ်းဆောင်ရည်မြင့်မားသော အဖွဲ့ဝင်များအား ၎င်းတို့၏ သက်မွေးဝမ်းကျောင်း ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများကို ဖြည့်ဆည်းပေးသည့် အခွင့်အလမ်းများကို ဤနေရာတွင် ဆက်လက်၍ ရှာဖွေရန် တိုက်တွန်းအားပေးခြင်းဖြင့် ကျွန်ုပ်တို့၏ အဖွဲ့အစည်းအတွင်း အသေအချာပင် ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဖြစ်သည်။  အလားတူပင် လက်ရှိဌာနကဖြစ်စေ သို့မဟုတ် ခေါ်ယူနေသည့်ဌာနကဖြစ်စေ အခြားဌာနတစ်ခုအား အဖွဲ့ဝင်တစ်ဦးကို ဆက်ထိန်းထားရန် သို့မဟုတ် ခေါ်ယူရန် ချိုးချိုးဖဲ့ဖဲ့ပြောခြင်း မပြုရပါ။ ဆက်စပ်၍ဆိုရလျှင် မည်သည့်ဌာနကမျှ အဖွဲ့ဝင်တစ်ဦးကို ဆက်ထိန်းထားရန် သို့မဟုတ် ခေါ်ယူစုဆောင်းရန် နစ်နာကြေး သို့မဟုတ် အကျိုးခံစားခွင့်များနှင့် ဆက်စပ်သည့် အရာတစ်ခုခုကို အဖွဲ့ဝင်တစ်ဦးထံသို့ ကတိမပေးသင့်ပါ။ ထိုသို့သော ကိစ္စရပ်များကို အဖွဲ့အစည်းတစ်ခုလုံးအပေါ် သက်ရောက်မှုများကို ထည့်စဉ်းစား၍ ဝန်ထမ်းနှင့် ယဉ်ကျေးမှုဌာနက အတည်ပြုပေးရမည်ဖြစ်ပါသည်။

ထုံးစံအတိုင်းပင် သင့်တွင် မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများရှိပါက ကျွန်ုပ်တို့ဌာနရှိ တစ်ဦးဦးထံသို့ လွတ်လပ်စွာ ဆက်သွယ်လိုက်ပါ။